Burmese

# BPS ကျောင်းပြန်သွားရန် လုပ်ဆောင်ရမည့်စာရင်း

## ကျောင်းအပ်ခြင်း

ကျောင်းအပ်ခြင်းသည် စဉ်ဆက်မပြတ်ဆောင်ရွက်နေသောအရာဖြစ်သည်။ ထို့အတွက် ဘဖလိုးအစိုးရကျောင်းခရိုင်အတွင်းသို့ ပြန်လာသောမိသားစုများနှင့် မိသားစုအသစ်များသည် ၂၀၂၀-၂၀၂၁ စာသင်နှစ်အတွက် ၎င်းတို့ကလေးများကိုဆက်လက်ကျောင်းအပ်နိုင်ပါသည်။ နောက်ထပ်အချက်လက်များအတွက် https://www.buffaloschools.org/Registration သို့ သွားကြည့်ပါ။

## လူကိုယ်တိုင်တက်ရောက်သင်ယူရမည့်ပုံစံသို့ ပြန်ပြောင်းခြင်း

ဒုတိယသတ်မှတ်ကာလအတွင်း ခရိုင်မှ ကြိုတင်သတ်မှတ်ထားသည့်ကျောင်းသားအုပ်စုများ ကျောင်းသို့ လူကိုယ်တိုင်လာတက်ရန် စီစဉ်ထားသည်။ ကျောင်းတိုင်းမှ ၎င်းတို့ ကျောင်းခေါင်းဆောင်အဖွဲ့ များ (SLT) ကျောင်းအခြေစိုက်စီမံခန့်ခွဲရေးအဖွဲ့ များ (SBMT) အကျိုးလိုလာသူများနှင့်အတူ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ သည် အဝေးသင်အခြေအနေတွင် တိုးတက်မှုမရှိသည့်ကျောင်းသားများကို ဦးစွာပထမဆုံး လူကိုယ်တိုင်တက်ရောက်သင်ယူရမည့် စီမံကိန်းများ စီစဉ်ထားသည်။ ပထမအဆင့်တွင် မူကြို-၂ တန်း အထက်တန်းစီနီယာကျောင်းသားများနှင့် အကူညီအများဆုံးလိုနေသည့်ကျောင်းသားများ (ကျောင်းခေါ်ချိန် အတန်းမအောင်မြင်ခြင်း အဝေးသင်ကာလတွင် ခက်ခက်ခဲခဲဆောင်ရွက်နေရသည့်ကျောင်းသားများ စသည်ကဲ့သို့ အခြေအနေများရင်ဆိုင်နေရသည့်ကျောင်းသားများ) ပါဝင်သည်။ အချိန်ကာလအတည်ပြုပြီးည်တပြိုင်နက် မိဘများ အုပ်ထိန်းသူများကို နည်းပေါင်းများစွာဖြင့် ဆက်သွယ်ပြောဆိုမည်ဖြစ်သည်။

နေ့စဉ်နံနက်တိုင်း မိမိတို့ကလေးများကို ကျောင်းသို့ မပို့ခင် ကျောင်းတက်ရန်ဘေးကင်းမကင်းသိစေရန်အတွက် မိဘများ/အုပ်ထိန်းသူများအား COVID- ဖေါ်င်အတွက် နေ့စဉ် ကျောင်းသားကျန်မာရေးစစ်ဆေးခြင်း ဆောင်ရွက်ရန် တောင်းဆိုထားပါသည်။ (ထိုဖေါင်ကို ဝဘ်ဆိုဒ်တွင်တင်ထားပါမည်။ ထို့အတူ အိမ်သို့ နေ့စဉ်ပို့ပေးရန်အတွက် ကျောင်းတွင်လဲ ပုံနှိပ်ထုတ်ပေးထားပါမည်။) ထို့အတူ မိဘများအနေဖြင့် ကလေးကျောင်းသို့ မသွားခင် အပူချိန်တိုင်းရန်လည်း တောင်းဆိုအပ်ပါသည်။

## အကြောင်းကြားခြင်း လုပ်ငန်းစဉ်

လူကိုယ်တိုင်တက်ရောက်ရမည့်သင်ကြားမှုလုပ်ငန်းစဉ်အဆင့်အဆင့်တွင် ကျောင်းပြန်လာရန်သတ်မှတ်ခံရသည့် အုပ်စုတိုင်းအတွက် မိဘများကို ခရိုင်ဝဘ်ဆိုဒ်နှင့် ကလေးကျောင်းမှဖုန်းခေါ်ဆိုခြင်း စာဖြင့်တဆင့် စသည်နည်းတို့ဖြင့် ၎င်းတို့၏အမိကဘာသာစကားဖြင့် အကြောင်းကြားမည်ဖြစ်သည်။

## သန့်ရှင်းရေး/ပိုးသတ်ခြင်း လုပ်ငန်းစဉ်

ပိုးသတ်ခြင်းကို ကလေးများမလုပ်ဆောင်သင့်ပါ။ (ဥပမာ- စာကြည့်စားပွဲခုံများအတွက် ပိုးသတ်ဆေးဖြန်းပုလင်းများ အဝတ်များ)

သန့်ရှင်းရေးနှင့်ပိုးသတ်ခြင်းများကို နေ့စဉ်သန့်ရှင်းရေးမှတ်တမ်းတွင် ကိုယ်တိုင် စာရင်းသွင်းမှတ်တမ်းတင်ထားမည်။

ကျောင်းသားများဆိုက်ရောက်ခြင်း - ကျောင်းမစတင်ခင်တွင် အုပ်စုလိုက်အများသုံးနေရာများကို သန့်ရှင်းပိုးသတ်မည်။

ကျောင်းချိန်အတွင်း- တံခါးလက်ကိုင်များ လှေကားလက်တန်းများ ခါတ်လှေကားခလုပ်များကဲ့သို့ အထိအတွေ့များသည့်နေရာများကို တစ်ရက်သုံးကြိမ် သန့်ရှင်းပိုးသတ်မည်။ လက်တွေ့ကျကျ ဆရာများ ဆရာအကူများအပါအဝင် ဝန်ထမ်းအားလုံးသည် သန့်ရှင်းရေးကျိုးပန်းမှုများတွင် ပါဝင်ကူညီမည်။

ရေအိမ်များကို တစ်ရက်လျှင်နှစ်ကြိမ် သန့်ရှင်းပိုးသတ်မည်။

## တူညီဝတ်စုံများနှင့် မျက်နှာဖုံးများ

ဆက်လက်ထိန်းသိမ်းရန်လိုအပ်သဖြင့် ကျောင်းတူညီဝတ်စုံမူကို ပျော့ပြောင်းစွာထိန်းသိမ်းမည်ဖြစ်သည်။ တူညီဝတ်စုံဝတ်ရသည့်ကျောင်းများတွင်တက်သည့် ကျောင်းသားများအနေဖြင့် ထိုမူဝါဒကိုလိုက်နာရန်မျှော်လင့်ပါသည်။ သို့သော် အခက်အခဲကြုံတွေ့နေရသည့်မိသားစုများအနေဖြင့် ထိုမူဝါဒလိုက်နာရန်မျှော်မှန်းချက်နှင့်ကိုက်ညီရန် ၎င်းတို့လိုအပ်ချက်များကို ကျောင်းမှ မည်သို့ထောက်ပံ့ပေးနိုင်မည်ကို စစ်ဆေးနိုင်ရန်အတွက် ကျောင်းအုပ်ထံသို့ အကြောင်းကြားသင့်သည်။

ကျောင်းခရိုင်ပိုင်အဆောက်အဦးများ ကျောင်းဘုတ်အဖွဲ့ လုပ်ဆောင်မှုများ ဘတ်စကားစီးခြင်း သို့မဟုတ် အခြားအတည်ပြုပေးထားသည့်သယ်ယူပို့ ဆောင်ရေးများတွင် ရှိနေစဉ်တွင် လူကိုယ်တိုင်တက်ရမည့်ပုံစံတွင် မျက်နှာဖုံးခြင်းများ (မျက်နှာဖုံးများ) ဝတ်ဆင်ရန်လိုအပ်သည်။ မျက်နှာဖုံးများသည် အနည်းဆုံးအဝတ်နှစ်ထပ်ဖြင့်ပြုလုပ်ထားပြီး နှာခေါင်းနှင့်ပါးစပ်နှစ်ခုစလုံးဖုံးရန် အံဝင်ခွင်ကျတော်ရမည်။ မျက်နှာဖုံးများကိုဆင်ယင်မှုအဖြစ် မည်သည့် လေဝင် သို့မဟုတ် လေထွက်ပေါက်များမပါဝင်သင့်ပေ။ အကယ်၍သင့်ကလေး မျက်နှာဖုံးလိုအပ်ပါက ကျေးဇူးပြု၍ ကလေးကျောင်းအုပ်ထံဆက်သွယ်ပါ။

## လက်ဆေးခြင်း/သန့်စင်ရေးနေရာများ

မကြာခဏလက်ဆေးခြင်းကိုအားပေးပါသည်။ စာသင်ခန်းများအပါအဝင် ကျောင်းရှိလူသုံးများနေရာများတွင် လက်သန့်စင်ရေး/ထုတ်ပေးစက် များထားရှိမည်ဖြစ်သည်။ အကယ်၍ကျောင်းသားသည် စာသင်ချိန်အတွင်း အခန်းအပြင်ထွက်ပါက အတန်းတွင်းပြန်မလာခင် ၎င်းတို့ လက်ဆေးခြင်း သို့မဟုတ် လက်ပိုးသတ်ဆေးများ အသုံးပြုရမည်ဖြစ်သည်။

## အစားအစာ/ရေ

ကျောင်းသားအားလုံး အခမဲ့ နံနက်စာနှင့်နေ့လည်စာ ရယူခွင့်ရှိပါသည်။ လူကိုယ်တိုင်ကျောင်းလာတက်သည့်ကျောင်းသားများသည် ၎င်းတို့စားစရာများကို ကျောင်းမှစီမံထားသည့်အစီအစဉ်အတိုင်း စားသောက်ခန်း စာသင်ခန်း သို့မဟုတ် အခြားသတ်မှတ်ထားသည့်နေရာများတွင်စားရမည်။ သောက်ရေများကို အစားစာဝန်ဆောင်မှုပေးသည့် ဝန်ထမ်းထံမှတောင်းဆိုရရှိနိုင်ပြီး ကျောင်းများအားလုံးတွင် တပ်ဆင်ထားသည့် ရေဘူးဖြည့်ရသည့်နေရာများမှလည်းရနိုင်သည်။ အဝေးသင်ရွေးသည့်ကျောင်းသားများသည် အစားအစာများကို တနင်္လာ-ဗုဒ္ဓဟူး-သောကြာနေ့များတွင် နံနက် ၁၁-မှ နေ့ခင်း ၁ နာရီအတွင်းဆက်လက်သွားယူနိုင်သည်။

## ကရိယာများ

ကျောင်းသားအယောက်စီတိုင်းအတွက် ခရိုင်မှ ကရိယာတစ်ခုစီထောက်ပံ့ပေးထားသည်။ အကယ်၍ကျောင်းသားတွင် မရှိပါက မိဘများအနေဖြင့် ကလေးကျောင်းသို့ မဟုတ် 1515 South Park Avenue ရှိ Center for Innovation, Technology and Trainging သို့ တန်လာမှ သောကြာနေ့ အတွင်း နံနက်၁၀နာရီမှ ညနေ ၄နာရီအတွင်းသွားသင့်သည်။ လူကိုယ်တိုင်တက်ရောက်သင်ကြားရမှုအတွက် ဆရာများသည် ကျောင်းသားများ ဘယ်အချိန်၄င်းတို့ ကရိယာများယူလာရမည်ကိုဆုံးဖြတ်မည်ဖြစ်သည်။ သို့သော် ကျောင်းသားအနေဖြင့် ကျောင်းနေ့တိုင်း ၄င်းတို့ ကရိယာများကို အားအပြည့်အဝသွင်းထားပြီး ကျောင်းသို့ ကျောင်းလွယ်အိပ် သို့ မဟုတ် ကျောပိုးအပ်ဖြင့်ယူလာနိုင်ရန် ပြင်ဆင်စီမံထားသင့်သည်။ ကျောင်းသားကရိယာများအတွက် ထိန်းသိမ်း တာဝန်ယူပုံနှင့်ပါတ်သက်ပြီး ကျောင်းသားနည်းပညာလက်စွဲစာအုပ်ကို https://www.buffaloschools.org/handbook တွင်တွေ့နိုင်သည်။

## ဆက်သွယ်ရမည့်အချက်အလက်

မိဘများအနေဖြင့် ၄င်းတို့ အားဆက်သွယ်ရမည့်အချက်လက်များကို https://www.buffaloschools.org/contact ၌နေရာတွင်တွေ့ရသည့် ဖေါင်တွင်ဖြည့်နိုင်သည်။

## အရေးပေါ်ဆက်သွယ်ရန်

BPS ကူညီပါရစေလိုင်း – 716-816-7100

## SCHOOLOGY

မူကြို-၁၂တန်း ဆရာများအားလုံးသည် သင်ကြားမှုပေးပို့ရန်အတွက် သင်ကြားမှုစီမံခန့်ခွဲရေးစံနစ် Schoology ကိုအသုံးပြုမည်ဖြစ်သည်။ ဆရာများသည် ဘာသာရပ်များဖန်တီးပြီး Schoology တွင် ဗီဒီယိုများ ဝဘ်ဆိုဒ်လင့်ခ်များ အွန်လိုင်းတွေ့ဆုံရန်လင့်ခ်များ စာရွက်စာတမ်းများ ပါဝါပွိုင့်များနှင့် Nearpod သင်ခန်းစာများအပါအဝင် ဘာသာရပ်တွင်ပါဝင်မည့်အရာများကို တင်ပေးမည်ဖြစ်သည်။ ကျောင်းသားများသည်လည်း Schoology မှတဆင့် ဆရာများထံ စာပို့နိုင်သည်။ ကျောင်းသားနှင့်မိဘ Schoology အားအသုံးပြုနိုင်ပုံနှင့်ပါတ်သက်ပြီး ဗီဒီယိုများနှင့်အချက်လက်များကို https://www.buffaloschools.org/Page/88626 ၌နေရာတွင်တွေ့နိုင်သည်။

ထို့အပြင် ဖြစ်နိုင်သည့်အခါတွင် ဒစ်ဂျစ်တယ်ဖတ်စာအုပ် Zearn (သူငယ်တန်း-၆ သင်္ချာ) ကဲ့သို့ အစားထိုးအစီအစဉ်များ အွန်လိုင်းပလက်ဖေါင်းများနှင့် Lexia Core5နှင့် PowerUp, myON, Moby Max Math/Science, Think Central, Nearpod, Pearson Realize, နှင့် Castle Learning အခြားအွန်လိုင်း အရင်းမြစ်များအားအရှိန်မြှင့်ရန်ရည်မှန်းထားသည်။ ၌အရင်းအမြစ်များကို မိမိတို့ ၏ တစ်ကြိမ်သာဝင်ရသည့် Clever မှတဆင့် ဝင်ရောက်နိုင်သည်။ Clever သို့ ဝင်ရမည့် လင့်ခ်ကို Schoology တွင်လည်းထည့်နိုင်သည်။ ကျောင်းသားအငယ်များသည် Schoology သို့ ဝင်ရန် တံဆိပ်များကိုလည်းအသုံးပြုနိုင်သည်။

## သယ်ယူပို့ ဆောင်ရေး

ကိုက်ညီသည့် ကျောင်းသားများကို အဝါရောင်ကျောင်းကားသို့ မဟုတ် NFTA ဘတ်စ်လက်မှတ် တစ်ခုခုဖြင့် ပံ့ပိုးပေးမည်ဖြစ်သည်။ ကျောင်းသားများသည် အချိန်တိုင်း လက်ခံနိုင်သည့် မျက်နှာဖုံးများဝတ်ထားရမည်။ မိဘများအနေဖြင့် ကျောင်းသားများကို နေ့စဉ် လျှော်ရသော ပြန်သုံးရသောမျက်နှာဖုံးများပေးရန် မျှော်လင့်ထားပါသည်။ ဘတ်စ်ကားသယ်ယူနိုင်မှုကိုလျှော့ချမည်ဖြစ်ပြီး ကျောင်းသားများကို ခပ်ခွာခွာထိုင်နိုင်ရန်အတွက် ခုံများသတ်မှတ်ပေးထားမည်ဖြစ်သည်။ ကျောင်းတက်နေစဉ်အတွင်း ကျောင်းကားများ၏အထိတွေ့များသည့်နေရာများကို သန့်ရှင်းရေးလုပ်ပြီး နေ့စဉ်ကျောင်းကားများကို ပိုးသတ်သန့်စင်မည်ဖြစ်သည်။ ကျောင်းသားများအနေဖြင့် (ဧအောင့်စထက်နည်းသော) တကိုယ်ရေးသုံး လက်ပိုးသတ်ဆေးရည် ပုလင်းကို သယ်ယူခွင့်

ပြမည်။ COVID-19 အခက်အခဲကာလတွင် ယာယီဘတ်စ်ကားလက်မှတ်များထုတ်ပေးမည်မဟုတ်ပေ။ သယ်ယူပို့ ဆောင်ရေး ဝန်ဆောင်မှုရရှိရန် ကျောင်းသားများသည် သတ်မှတ်လမ်းကြောင်းစာရွက်တွင်ပါရှိရမည်ဖြစ်သည်။ သယ်ယူပို့ ဆောင်ရေးလမ်းကြောင်းအချက်လက်ကို စာဖြင့်ပို့ ပေးမည်ဖြစ်သည်။ ကျောင်းမှ သင့်ကလေး လက်ရှိလိပ်စာနှင့်ဆက်သွယ်ရမည့်အချက်လက် ရှိရန်မှာ အရေးကြီးပါသည်။

## ကျောင်းအထောက်ကူပစ္စည်းများ

မိဘများအနေဖြင့် ၎င်းတို့ ကလေးကျောင်းဝဘ်ဆိုဒ်ကိုကြည့်သင့်သည် သို့ မဟုတ် ကျောင်းသုံးရမည့်ပစ္စည်းစာရင်းအတွက် ကလေးဆရာထံဆက်သွယ်သင့်သည်။ ပြန်သုံးလို့ ရသည့် ရေဗူးကိုနေ့ စဉ်ယူလာရန် ကျောင်းသားများအားတောင်းဆိုထားပါသည်။

## ကာကွယ်ဆေးထိုးခြင်း COVID စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးများ

မိဘများအနေဖြင့် ကျောင်းတက်ရန်လိုအပ်သည့် ကာကွယ်ဆေးများ ထိုးရန်လိုအပ်နေသေးသည်လားဆိုသည်ကိုကြည့်ရန် ကလေး၏ ကာကွယ်ဆေးထိုးထားသည့်မှတ်တမ်းကိုစစ်ရန် တိုက်တွန်းအပ်ပါသည်။နယူးယော့ခ်ပြည်နယ်ကျန်းမာရေးဌာန(NYSDOH) ပြည်သူ့ ဥပဒေ 2164 အရ BPS ကျောင်းသားအားလုံးသည် ၂၀၂၀-၂၀၂၁ စာသင်နှစ်အတွက် လုံးဝအဝေးသင်မှပါဝင်နေသည့် ကျောင်းသားများအပါအဝင်  ကျောင်းနေအရွယ်အလိုက် ကာကွယ်ဆေးထိုးရန် လိုအပ်ပါသည်။  NYSDOH မှ ကင်းလွတ်ခွင့်ကို ၂-၉-၂၁ နေ့ ထိပေးထားသဖြင့် မိဘများအနေဖြင့် ထိုအချိန်အတွင်း ၎င်းတို့ ကလေးများ ကာကွယ်ဆေးထိုးပေးထားရန် အကြံပြုအပ်ပါသည်။ ထို့ အပြင် ရောဂါထိန်းချုပ်ရေးစန်တာမှ အကြံပြုထားသည့်အတိုင်း အဖျားအနာ သေလောက်သည့်ဗိုင်းရပ်စ်များကို တွန်းလှန်တိုက်ခိုက်နိုင်ရန် ကလေး၏စွမ်းရည်တိုးတက်စေရန်အတွက် အကောင်းဆုံးမှာ နောက်ဆုံးအခြေကာကွယ်ဆေးများ ထိုးပေးထားခြင်းဖြစ်ပါသည်။